**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် ( ၂၈ / ၂၀၂၁ )**

**၁၃၈၃ ခုနှစ်၊ တော်သလင်းလဆန်း ၃ ရက်**

**( ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်)**

**၂၀၂၁ ခုနှစ်၊ မတ်လအတွင်း မသမာသူများ၏ ဖျက်ဆီးမှုကြောင့် မီးလောင်ပျက်စီးမှု ဖြစ်ပေါ်ခဲ့သော ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်ရုံများနှင့်စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်ပေးမည့် အစီအစဉ်များ ထုတ်ပြန်ကြေညာခြင်း**

၂၀၂၁ ခုနှစ်၊ မတ်လအတွင်း မသမာသူများ၏ ဖျက်ဆီးမှုကြောင့် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ စက်ရုံအချို့ မီးလောင်ပျက်စီးဆုံးရှုံးများ ဖြစ်ပေါ်ခဲ့ပါသည်။ ထိုသို့ပျက်စီးဆုံးရှုံးခဲ့သည့် စက်ရုံများ အမြန်ဆုံးပြန်လည် လည်ပတ်နိုင်ရေးအတွက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အနေဖြင့် လိုအပ်သည်များ ဆက်လက်ဆောင်ရွက်ပေးနိုင်ရန်အလို့ငှာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေ ပုဒ်မ ၁၀၀၊ ပုဒ်မခွဲ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့် ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်-

၁။ အထက်အပိုဒ်ပါ မီးလောင်ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ခဲ့သည့် စက်ရုံများအနေဖြင့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ရသင့်ရထိုက်သည့် အခွင့်အရေးများနှင့် ထောက်ပံ့ကူညီမှုများ ရယူနိုင်ရေးအတွက် အောက်ပါအတိုင်းဆောင်ရွက်ကြရန် ဖြစ်ပါသည် -

(က) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်/ အတည်ပြုမိန့်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ၏ အတည်ပြုမိန့်ဖြင့်လည်းကောင်း၊ ဆောင်ရွက်ခဲ့ကြသော မီးလောင်ပျက်စီးဆုံးရှုံးစက်ရုံများအနေဖြင့် ကော်မရှင်သို့ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီသို့ လည်းကောင်း ခွင့်ပြုမိန့်/အတည်ပြုမိန့် ပြန်လည်လျှောက်ထားနိုင်ပါသည်။

(ခ) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်/ အတည်ပြုမိန့် သို့မဟုတ် ရန်ကုန်တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီ၏ အတည်ပြုမိန့် ရယူခြင်းမရှိဘဲ ဆောင်ရွက်ခဲ့ကြသော မီးလောင်ပျက်စီးဆုံးရှုံးစက်ရုံများအနေဖြင့် မိမိတို့၏ ဆန္ဒအလျောက် ကော်မရှင်သို့လည်းကောင်း၊ရန်ကုန်တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှု ကော်မတီသို့လည်းကောင်း မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ခွင့်ပြုမိန့်/ အတည်ပြုမိန့် လျှောက်ထားနိုင်ပါသည်။

(ဂ) သက်ဆိုင်ရာ စက်ရုံများက ခွင့်ပြုမိန့်ရရှိရေးအတွက် အဆိုပြုလွှာ တင်ပြလာသည့် အခါတွင်လည်းကောင်း၊ အတည်ပြုမိန့်ရရှိရေးအတွက် အတည်ပြုလျှောက်ထား လွှာတင်ပြလာသည့်အခါတွင်လည်းကောင်း ကော်မရှင် သို့မဟုတ် ရန်ကုန်တိုင်း ဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီအနေဖြင့် ဆောလျင်စွာ စိစစ်ခွင့်ပြု/ အတည်ပြု ပေးသွားမည်ဖြစ်ပါသည်။

(ဃ) ကော်မရှင်၏ ခွင့်ပြုမိန့်/အတည်ပြုမိန့် သို့မဟုတ် ရန်ကုန်တိုင်းဒေသကြီးရင်းနှီး မြှုပ်နှံမှုကော်မတီ၏ အတည်ပြုမိန့် ရရှိပြီးသည့်အခါ စက်ရုံများပြန်လည် တည်ဆောက်သည့် ကာလအတွင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၇၇ ပုဒ်မခွဲ (က) နှင့်အညီ စက်ပစ္စည်းများ၊ စက်ရုံလည်ပတ်ရန် အခြားလိုအပ်သည့် ပစ္စည်းများအား အကောက်ခွန်နှင့် အခြားပြည်တွင်း အခွန်အကောက် ကင်းလွတ်ခွင့်ဖြင့် တင်သွင်းခွင့်ပြုနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

(င) တည်ဆောက်မှုလုပ်ငန်းများပြီးစီး၍ စီးပွားဖြစ်စတင်ဆောင်ရွက်သည့်အခါ မြန်မာ နိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ ပုဒ်မ ၇၅ ပုဒ်မခွဲ (က) နှင့် (ဂ) တို့နှင့်အညီ ဝင်ငွေခွန် ကင်းလွတ်ခွင့်ခံစားခွင့်ကို ခွင့်ပြုပေးသွားမည်ဖြစ်ပါသည်။

၂။ အဆိုပါစက်ရုံများ၏ လူမှုဖူလုံရေး ရန်ပုံငွေ ပေးသွင်းခြင်းဆိုင်ရာကိစ္စရပ်များ၊ ပြည်ဝင်ခွင့် ဗီဇာကိစ္စရပ်များ၊ ဆိပ်ကမ်းရှင်းလင်းရေးဆိုင်ရာကိစ္စရပ်များနှင့် မီးလောင်ပျက်စီးခဲ့သည့် မော်တော်

ယာဉ်ဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းထားပြီးဖြစ်ပါသဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ တိုက်ရိုက်တင်ပြဆောင်ရွက်နိုင်ပါကြောင်းနှင့် အဆိုပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ အခက်အခဲရှိပါက ကော်မရှင်က လိုအပ်သလို ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ထုတ်ပြန်အပ်ပါသည်။

မိုးမြင့်ထွန်း

ဒုတိယဗိုလ်ချုပ်ကြီး

ဥက္ကဋ္ဌ

စာအမှတ်၊ မရက- ၉/ န-ထွေ / ၂၀၂၁ ( ၂၅၆၈ )

ရက်စွဲ ၊ ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၈ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး

အိမ်စောင့်အစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အဖွဲ့ဝင်များအားလုံး

နေပြည်တော်ကောင်စီ

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အားလုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

ညွှန်ကြားရေးမှူးချုပ် } မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်း

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန } ကြော်ငြာပေးပါရန်

အမိန့်အရ

(သန့်စင်လွင်)

အတွင်းရေးမှူး